The Flower News, 25 – 31 May 2005

# မိခင်မှရင်သွေးသို့ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ကူးစက်မှုကာကွယ်ရေးအစီအစဉ် ဆေးရုံကြီးများတွင် မကြာမီစတင်မည်

**"အမျိုးသမီးများနှင့် ကလေးငယ်များအတွက် အိတ်ချ်အိုင်ဗီ၏ သက်ရောက်မှု ကာကွယ်ရေးဆောင်ရွက်ချက်များအနေဖြင့် အတူတကွပူးပေါင်းလုပ်ရှား ဆောင်ရွက်မှုများ အားကောင်းလာစေရန်လိုအပ်နေသေးသည်"**

စောလင်းအောင်

ရန်ကုန်၊ မေ-၁၈

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF)၊ ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)နှင့် အမျိုးသားအေအိုင်ဒီအက်စ် ကာကွယ်တိုက်ဖျက်ရေးစီမံကိန်းအဖွဲ့တို့ ပူးပေါင်း၍ မိခင်မှရင်သွေးသို့ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ကူးစက်မှုတားဆီးကာကွယ်ရေးဆေးရုံ အခြေပြုအစီအစဉ်သစ်ကို စတင်တော့မည်ဖြစ်ကြောင်း ယူနီဆက်က သတင်းပေးပို့ချက်အရ သိရှိရသည်။

ယခုကဲ့သို့ ရောဂါကူးစက်မှုကာကွယ်တားဆီးခြင်း အစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တိုင်းနှင့်ပြည်နယ်အနှံ့ရှိ ဆေးရုံများတွင် လာမည့်လမှစ၍ နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဦးစွာဆေးရုံကြီး၁၀ရုံတွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်သည်။

မိခင်မှရင်သွေးသို့ကူးစက်မှုတားဆီးကာကွယ်ရေး အစီအစဉ်သစ်အနေဖြင့် မိခင်များနှင့် မွေးဖွားပြီးကလေးငယ်များအတွက် ပြုစုကုသမှုပေးခြင်းများ အလွယ်တကူရယူနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ယူနီဆက်ဌာနကိုယ်စားလှယ် မစ္စစကာယ်ရိုလောင်းကပြောကြားသည်။

ယူနီဆက်ဖ်အနေဖြင့် အမျိုးသားအေအိုင်ဒီအက်စ် ကာကွယ်တိုက်ဖျက်ရေးစီမံချက်အရ မိခင်မှရင်သွေးသို့ ရောဂါကူး

စာမျက်နှာ(၁၄)သို့

မိခင်မှရင်သွေးသို့——— မှ

စက်မှုတားဆီးကာကွယ်ရေး(PMCT)အစီအစဉ်ကို ငါးနှစ်စီမံကိန်းရေးဆွဲကာ ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံအတွင်း မြို့နယ်၄၀တွင် ယင်းစီမံချက်အတွင်းပါဝင်သောနှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ရောဂါစမ်းသပ် ရှာဖွေပေးခြင်း၊ ရောဂါရှင်အားထောက်ပံ့မှုပေးခြင်းနှင့် သင်တန်းပို့ချပေးခြင်းများနှင့် အိတ်ချ်အိုင်ဗီကူးစက်ခံရသောမိခင်မှရင်သွေးငယ်သို့ နို့တိုက်ကျွေးမှုကရုတစိုက်ဆောင်ရွက်စေခြင်း လက်တွေ့အစီအစဉ်များကို စတင်နေပြီဖြစ်သည်။

ယူနီဆက်အနေဖြင့် ယင်းမြို့နယ်များထဲမှ ၁၇မြို့နယ်တွင် လူမှုရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ သူနာပြုအသင်းတို့နှင့်ပူးပေါင်းကာ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ကြောင့် မိဘမဲ့ကလေးငယ်များနှင့် မိဘရှိကလေးငယ်များအတွက် အိမ်တိုင်ရာရောက်ထောက်ပံ့ရေးအစီအစဉ်များကို ဆောင်ရွက်ပေးနေသည်။ ယခု အစီအစဉ်များတွင် မိသားစုများအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ဂရုတစိုက်ပြုမှုနေထိုင်စေခြင်း၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်မှုပေးခြင်းနှင့် ကလေးငယ်များ ကျောင်းပညာသင်ယူနိုင်ရေးထောက်ပံ့မှုများ ပြုပေးနေသည်။

ဤသို့ အစွမ်းကုန်ဆောင်ရွက်စေကာမူ လက်လှမ်းမမှီနိုင်သောသူများနှင့် မိမိတို့အကူအညီကို လိုအပ်သောကလေးငယ်များစွာကျန်ရှိနေနိုင်သေးပါကြောင်း မစ္စစကာယ်ရိုလောင်းက ပြောကြားသည်။ အမျိုးသမီးများနှင့်ကလေးငယ်များအတွက် အိတ်ချ်အိုင်ဗီ၏သက်ရောက်မှု ကာကွယ်ရေးဆောင်ရွက်ချက်များအနေဖြင့် အတူတကွပူးပေါင်းလှုပ်ရှားဆောင်ရွက်မှုများ အားကောင်းလာစေရန် လိုအပ်နေသေးကြောင်းဟုလည်း သူမက သုံးသပ်သည်။

မြန်မာနိုင်ငံတွင် ယူနီဆက်အနေဖြင့် အိတ်ချ်အိုင်ဗီနှင့် အေအိုင်ဒီအက်စ် ကာကွယ်တားဆီးရေး အစီအစဉ်များအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ နှစ်သန်းခန့်သုံးစွဲမှုရှိကြောင်း သိရသည်။

ယခုPMTCအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် ရလဒ်ကောင်းများအနေဖြင့် ရောဂါကူးစက်ခံရသူဦးရေ ထက်ဝက်ခန့်ကျဆင်းလာကြောင်း သိရသည်။